# ခရစ်တော်၌ အသက်ရှင်လာသောသူများ

ဓမ္မသစ်ကျမ်းစာထဲ၌ သခင်ယေရှုသည် လူ (၃) ဦးအားသေခြင်းမှ ရှင်သန်ထမြောက်စေခဲ့သည်။ သို့သော်လည်း ထိုသူ (၃) ဦးတို့ အသက်ပြန်ရှင်လာသောအခါ လက္ခဏာ သွင်ပြင်ခံစားမှုပုံသဏ္ဍာန်များသည် တစ်ဦးနှင့်တစ်ဦးတူညီသော တုန့်ပြန်မှုမရှိကြကြောင်းကို တွေ့မြင်နိုင်ပါသည်။

တို့အတူ ကျွန်ုပ်တို့အသက်တာ၌ ခရစ်တော်ကိုမရရှိသေးသောအခြေအနေ (သေနေချိန်)၊ ခရစ်တော်နှင့်တွေ့ထိပြီး ခရစ်တော်ရရှိသောအခြေအနေ (အသက်ရှင်သောလူသစ်) ဟူ၍ အသက်တာအပိုင်း (၂) ပိုင်းကို တွေ့မြင်နိုင်ပါသည်။

## ပထမလူ၏လက္ခဏာ

(ယော ၁၁း၁၇၊ ၄၂ )

မာရိနှင့်မာသ၊ လာဇရုဟူ၍ ခေါ်ဝေါ်သော မောင်နှမ (၃) ဦးတို့သည် ဗေသနိရွာ၌ နေထိုင်ကြပါသည်။ တစ်နေ့တွင်မောင်ဖြစ်သူ လာဇရုသည် ပြင်းစွာဖျားနာလျှက် သေဆုံးသွားခဲ့ပါသည်။ လာဇရုသေဆုံး၍ သင်္ဂြိုလ်ပြီး (၄) ရက်လွန်သောနေ့၌ သခင်ယေရှုသည် တပည့်တော်များနှင့်အတူ သင်္ချိုင်းတွင်းသို့ ရောက်လာခဲ့ကြပါသည်။ ထို့နောက်ယေရှုသည် လူထုပရိတ်သတ်အလယ်၌ လာဇရုကို သင်္ချိုင်းထဲမှ အသက်ရှင်ထမြောက်စေခဲ့ပါသည်။

ဤအမှုအားဖြင့် သခင်ယေရှုသည် ဘုရားသခင်၏ဘုန်းကို လူပရိသတ်အလယ်၌ ထင်ရှားစေခဲ့ပါသည်။ 'ထိုအခါ သေလွန်သောသူသည် မိမိခြေလက်၌ ပုဆိုးနံ့ယ်နှင့် ရစ်ပတ်လျှက်၊ မျက်နှာကိုလည်း ပဝါနှင့်စည်းလျှက် ထွက်လာ၏။ ယေရှုကလည်း သူ့ကိုဖြည်၍ လွှတ်ကြလော့ဟု မိန့်တော်မူ၏' (ယော ၁း၄၄)

သခင်ယေရှုက သေရာမှရှင်ပြန်ထမြောက်လာခဲ့သော လာဇရု၏ကိုယ်မှ အညစ်အကြေး၊ အဝတ်ဟောင်းပဝါစည်းများကို အလိုမရှိတော့ပါ။ထို့အတူ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်မတွေ့ထိခင်အချိန်၌ လောဘဒေါသမောဟ တရားများနှင့်ပြည့်နှက်၍ နံစော်နေသော်လည်း ခရစ်တော် နှင့်တွေ့ထိပြီးချိန်မှစ၍ ကိုယ်တော်သည် ကျွန်ုပ်တို့အား ပုပ်ပျက်တတ်သော ဇာတိအရာများနှင့် ကင်းစင်စေခဲ့ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့၏အပြစ်များကို ကိုယ်တော်က လွှတ်ပေးကြောင်း သိရှိခံစားလာရသောအချိန်မှစ၍ ကျွန်ုပ်တို့လည်း သူတပါး၌ဖြစ်စေ၊ မိမိညီအစ်ကိုခြင်း၌ဖြစ်စေ၊ မုန်းတီးမှု၊ ချည်နှောင်မှု၊ မနာလိုဝန်တိုမှုများလွှတ်နိုင်ဖို့ရန် ဘုရားသခင် အလိုရှိပါသည်။ ခရစ်တော်ကိုရသည်၊ ခရစ်တော်ငါ့အထဲ၌ရှိသည်ဆိုပြီး မိမိညီအစ်ကိုချင်း မချစ်နိုင်၊ အပြစ်မလွှတ်နိုင်သေးပါက ဘုရားသခင်အား မုသားပြောခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့အပြစ်ကို လွှတ်မည်မဟုတ်ပါ (မ ၆း၁၄ – ၁၅)။ မိမိသည် ခရစ်တော်အားဖြင့် အပြစ်လွှတ်ခြင်းကိုခံရသဖြင့် မိမိတို့၌ အချင်းချင်း အပြစ်တင်စရာအခွင့် ရှိလျှင်တောင်မှသည်းခံ၍ ရှိလာသော လူသစ်တစ်ဦး၏ ပထမအခြေအနေဖြစ်သတည်း။

## ဒုတိယလူ၏လက္ခဏာ

(လုကာ ၇း၁၁ – ၁၅)

သခင်ယေရှုနှင့်အတူ တပည့်တော်များနှင့် လူအစုအဝေးအပေါင်းတို့သည် ကာဏ္ဍနမြို့ကို ဒေသစာရီ ကြွချီတော်မူစဉ် မြို့တံခါးအနီးသို့ ရောက်သောအခါ မုဆိုးမတစ်ဦးသည် သူ၏ တစ်ဦးတည်းသောသားသေ၍ မြို့သားတို့နှင့်တကွ သင်္ဂြိုလ်ခြင်းငှာ ထုတ်ဆောင်လာခဲ့ကြကြောင်းကို ယေရှုသည်မြင်လျှင် သနားသောစိတ်ရှိသဖြင့် မငိုဖို့ရန်နှစ်သိမ့်ပါသည်။ ထို့နောက် ခေါင်းတလားအနီးသို့ကြွ၍ တလားကို လက်ဖြင့်ထိတော်မူသဖြင့် ထမ်းသောသူတို့သည်လည်းရပ်နေကြပါ၏။ ထိုအခါ ကိုယ်တော်က 'အချင်းလုလင်၊ ထလော့။ သင့်အား ငါအမိန့်ရှိသည်' ဟုမိန့်တော်မူလျှင် သေသောသူသည်လည်း ထိုင်၍စကားပြောလေ၏။ ကိုယ်တော်သည်လည်း သေခြင်းမှရှင်လာသူကို မိခင်အားအပ်ပေးတော်မူခဲ့ပါသည်။

ဤအကြောင်းအရာကို ဆင်ခြင်ပါက ထိုလုလင်ကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း သေနေသောသူများ ဖြစ်ကြပါသည်။ (ဘုရားနှင့်ကျွန်ုပ်တို့ဝိညာဉ်များ ကင်းကွာခြင်း) ထို့အတူ ထိုလုလင်သည် ယေရှုခရစ်တော်နှင့် မတွေ့ပါက မြေမြှုပ်ခံရမည်မှာမလွဲပေ။ မြေမြှုပ်တော့မည့်ဆဲဆဲ ခရစ်တော်နှင့်တွေ့ပြီး အသက်ရှင်လာသဖြင့် မြေကြီးနှင့်ကင်းကွာခဲ့ရပါသည်။ ယနေ့ကျွန်ုပ်တို့သည်လည်း ခရစ်တော်နှင့် မတွေ့

ပါက (ခရစ်တော်အားမယုံကြည်ခြင်း) မြေကြီးတည်းဟူသော အပွါယ် (ငရဲ) ၌ နစ်မြုပ်သွားမည်မှာ ဧကန်မလွဲပေ။

သေနေသောသူက စကားမပြောနိုင်သလို၊ ဆန့်ကျင်ဘက်ဖြစ်သော လူရှင်တစ်ယောက်မူကား စကားပြောမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယခုခရစ်တော်အားဖြင့် ထမြောက်လာသော လုလင်သည် မည်သည့်စကားကို ပြောထွက်မည်နည်း။ ထို့အတူကျွန်ုပ်တို့သည် ခရစ်တော်၌ ရှိပြီးအသက်ရှင်သောသူဖြစ်ပါက မည်သည့်စကားကို ပြောမည်နည်း။ ဤသို့သောဆင်ခြင်တုံ တရားဖြင့် အဖြေရနိုင်ပါသည်။

ခရစ်တော်သည် အသက်ရှင်လာသော လုလင်အား သက်ဆိုင်သူမိခင်ဖြစ်သူ၌ အပ်ပေးသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဧဝံဂေလိ အားဖြင့် ခရစ်တော်၌ပြောင်းလဲလာသူများကို ပြီးစလွယ် ပစ်ထားခဲ့ခြင်းမျိုး မဖြစ်စေဘဲ၊ ခိုင်ခန့်သော မျက်မြင်ရအသင်းတော်တစ်ပါးပါးသို့ အပ်ပေးရန် လိုပါသည်။

ဧဝံဂေလိတရားစကားကြားပြီး ခရစ်တော်နှင့်တွေ့ထိပြီးသည့်နောက် ဝိညာဉ်သက်ရှိလာပြီး သူတပါးတို့အား ခရစ်တော်အကြောင်းကို သက်သေခံဝေငှခြင်းဖြင့် ခရစ်တော်၌ လူသစ်တစ်ဦးဖြစ်လာခြင်း၏ ဒုတိယလက္ခဏာသွင်ပြင်ကို တွေ့မြင်နိုင်ပါသည်။

## တတိယလူ၏လက္ခဏာ

(မာကု ၅း၃၅ – ၄၃)

တရားဇရပ်မှူး၏ သမီးငယ်သေကြောင်း သခင်ယေရှု ကြားတော်မူလျှင် တရားဇရပ်မှူးအား ယုံကြည်ခြင်းစိတ်တစ်ခုသာရှိစေရန်၊ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိစေရန်၊ အားပေးနှစ်သိမ့်တော်မူပြီး သူငယ်၏ မိဘတို့ကို ၄င်း၊ ကိုယ်တော်နှင့်အတူပါလာသောသူတို့ကို ၄င်း၊ ခေါ်ပြီးလျှင် သူငယ်ထားရာအရပ်သို့ဝင်၍ သူငယ်၏လက်ကိုကိုင်တော်မူပြီး သေသူမိန်းမငယ်အား သေခြင်းမှရှင်သန်ထမြောက်စေခဲ့သည်။

ထိုခဏခြင်းပင် မိန်းမငယ်သည်ထ၍ လှမ်းသွားလေ၏။ ထို့နောက် ကိုယ်တော်သည် မိန်းမငယ်အား စားစရာကိုပေးရန် မိန့်တော်မူခဲ့ပါသည်။

ဤဖြစ်ရပ်၌ ကျွန်ုပ်တို့ခွန်အားယူဖို့ရန် အချက် (၂) ချက်ကို တွေ့နိုင်ပါသည်။ နံပတ်တစ် တစ်ချက်မှာ မိန်းမငယ်သည်သေရာမှ ထလာလာချင်း လှမ်းသွားခြင်းပင်ဖြစ်ပါသည်။ ဤသည်မှာ အသက်ရှင်သောသူတို့၏ လက္ခဏာ တစ်ရပ်ပင်ဖြစ်ပါသည်။ ငြိမ်မနေခြင်း၊ လှုပ်ရှားသွားလာခြင်း ပင်ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့သည် ခရစ်တော်၌ အသက်ရှင်နေသူဖြစ်ပါက ယုံကြည်ခြင်းဖြင့် ရပ်နေဖို့ရန်မဟုတ်ဘဲ ဆုတောင်းခြင်းဖြင့်လုပ်ဆောင်၊ လုပ်ဆောင်ခြင်းဖြင့်ဆုတောင်းရန် ဖြစ်ပါသည်။ မိတ်သဟာရဖွဲ့ခြင်း၊ သက်သေခံခြင်းဖြင့် လှမ်းသွားဖို့ရန် ကိုယ်တော်အလိုရှိပေသည်။

နှစ် အချက်မှာ ကိုယ်တော်ကမိန်းမငယ်အား စားစရာကိုပေးရန် စေခိုင်းခဲ့ပါသည်။ အကြောင်းမှာ မိန်းမငယ်သည် ဆာလောင်နေသောကြောင့်ပင်ဖြစ်ပါသည်။ ယနေ့လည်း ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိပြီး ပြောင်းလဲလာသူဖြစ်ပါက ကိုယ်တော်၏ နှုတ်ကပတ်တော်အစာအား ဆာလောင်မွတ်သိပ်ခြင်းလက္ခဏာ သက်သေရှိလာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် ပြောင်းလဲခါစတွင် နှုတ်ကပတ်တော်အား ဆာတော်လွန်းသဖြင့် လေ့လာခံယူခဲ့ပါသည်။ အသက်သစ်သင်တန်း၊ အချိန်ပိုင်းသင်တန်းများသို့ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မပျက်မကွက် နှုတ်ကပတ်တော် နို့စ်အား အာသာငမ်းငမ်းသောက်သုံးခဲ့ပါသည်။ ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းအမှုများကို ထိုအချိန်မှစ၍ အစပြုခဲ့ခြင်းဖြစ်ပေရာ မိမိညီအစ်ကိုမှ 'မင်းဟာ ကျမ်းရူးပဲ' လို့ မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်ထိဖြစ်ပါသည်။

အထက်ပါအသက်ရှင်လာသော မိန်းမငယ်၌ တွေ့ရသောအချက် (၂) ချက်သည် ယနေ့ ခရစ်တော်၌ရှိလာသော လူသစ်တစ်ဦး၏ တတိယလက္ခဏာသွင်ပြင်ပင် ဖြစ်ပါတော့သည်။ ထို့ကြောင့် ချစ်သောညီအစ်ကိုတို့ ခရစ်တော်၌ အသက်ရှင်လာသောသူတို့၏ သွင်ပြင်လက္ခဏာဆိုသည်မှာ –

(က) လူဟောင်း၏ ဗီဇသဘာဝဖြစ်သော ပုပ်စော်နံ့ကင်းပြီး သူတပါးအပေါ်၌ လွှတ်ခြင်းအခွင့်ပေး၍ ချစ်တတ်လာခြင်း။

(ခ) ကယ်တင်ခြင်းအတွက် စိတ်ချမှုရှိပြီးယေရှုအကြောင်းအား မပြောရမနေနိုင်ခြင်း။

(ဂ) နှုတ်ကပတ်တော်ကိုဆာတော်လာပြီး ဘုရားသခင်နှင့်အချိန်ယူတတ်လာခြင်း။

ထိုအရာတို့သည် ခရစ်တော်၌ရှိသော သူတို့၏ အပြင်သက်သေလက္ခဏာဖြစ်ကြောင်း မေတ္တာဖြင့် ဝေငှလိုက်ပါသည်။

–သိုးသစ်–

